# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၅၆၅

၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၇ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

ဦးရဲထွဋ်အောင် နှင့် ဦးလှထွန်းအေး

အယူခံတရားလို အယူခံတရားပြိုင်

အယူခံတရားလိုအတွက် - ဒေါ်အေးသီတာထွန်း၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးဌေးဝင်း၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

ပုသိမ်ခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၁ တွင် ဦးလှထွန်းအေးက ဦးရဲထွဋ်အောင်အပေါ် ပဲဆီဝယ်ယူပေးရန် ယုံကြည်စွာပေးအပ်ထားသည့်ငွေအပေါ် ပဲဆီဝယ်ပေးရန် သတ်မှတ်ထားသည့်နေ့ပေါက်ဈေးအရ ရရှိမည့်ငွေ ၉၄၈၈၀၀၀၀ ကျပ်နှင့် နစ်နာကြေးငွေ ၇၅၉၀၄၀၀ ကျပ်၊ စုစုပေါင်းငွေ ၁၀၂၄၇၀၄၀၀ ကျပ်ရလိုမှုစွဲဆိုရာ တရားလိုသည် တရားပြိုင်ထံမှ ပဲဆီပိသာချိန် ၅၉၃၀၀ အတွက် တစ်ပိသာလျှင် ကာလပေါက်ဈေး ၁၆၀၀ ကျပ်နှုန်းဖြင့်ငွေ ၉၄၈၈၀၀၀၀ ကျပ်ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။ ယင်းဒီကရီကို တရားပြိုင်က ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၇ ဖြင့် အယူခံဝင်ရောက်ရာ ပလပ်ခြင်းခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

တရားလိုက အမှတ်(၄)၊ ဈေးဟောင်းလမ်း၊ ပုသိမ်မြို့တွင် ယမကာအရောင်းဆိုင်ဖွင့်လှစ်ပြီး ပုသိမ်မြို့၊ အောင်သီရိဈေး(ယခင်ကုလားကုန်းဈေး)တွင် သားဖြစ်သူ သီဟစည်သူက "YO" ပဲဆီသန့်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ တရားပြိုင်က လပြည့်အမည်ဖြင့် ကုန်စုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ ၁-၆-၂၀၁၃ ရက်နေ့တွင် တရားပြိုင်က စားသုံးဆီ၊ ပဲဆီတစ်ပိသာလျှင် ၁၅၉၀ ကျပ်ဈေးနှုန်းဖြင့် ဝယ်ယူပေးမည်ဖြစ်ကြောင်းကမ်းလှမ်းခဲ့သဖြင့် တရားလိုကသဘောတူပြီး ဆီပိ

သာချိန် ၅၉၃၀၀ အတွက် ကျသင့်ငွေ ၉၄၂၈၇၀၀၀ ကျပ်ပေး၍ ၂-၆-၂၀၁၃ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ စာချုပ်တွင် ၁၂-၇-၂၀၁၃ ရက်နေ့တွင် ဆီကိုဖြစ်စေ၊ ဆီမပေးနိုင်ပါက ယင်းနေ့ဆီပေါက်ဈေးကိုဖြစ်စေပေးချေမည်ဖြစ်ကြောင်းဖြင့် ဝန်ခံကတိပြုချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်ကတရားလိုဆိုင်ရှိသက်သေများရှေ့၌ စာချုပ်တွင်လက်မှတ်ရေးထိုး၍ငွေလက်ခံယူခဲ့ကြောင်း၊ ငွေလက်ခံယူစဉ် တရားပြိုင်နှင့်အတူ ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်းကလည်း စာချုပ်အသိသက်သေနေရာတွင်လက်မှတ်ရေးထိုး၍ ၎င်းတို့ နှစ်ဦးကငွေလက်ခံယူခြင်းဖြစ်ကြောင်း၊ ဆီဖိုးငွေများရယူခဲ့ပြီးနောက် တရားပြိုင်သည် ဆီကိုလည်းကောင်း၊ ကာလပေါက်ဈေးအရငွေကိုသော်လည်းကောင်း သတ်မှတ်ထားသည့် ၁၂-၇-၂၀၁၃ ရက်နေ့တွင်ပြန်လည်မပေးသဖြင့်တောင်းခံခဲ့ရာ ပေးအပ်ခြင်းမရှိသဖြင့် ၂၄-၇-၂၀၁၃ ရက်နေ့တွင် ရဲစခန်းသို့တိုင်ကြားခဲ့ကြောင်း၊ ပုသိမ်မြို့နယ်တရားရုံးတွင် ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂ ဖြင့်ပြစ်မှုကြောင်းအရတရားစွဲဆိုခဲ့ရာ တရားပြိုင်အား ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့်စွဲချက်တင်ခဲ့ကြောင်း၊ ဆီပေါက်ဈေးမှာတစ်ပိဿာ ၁၆၀၀ ကျပ်ဖြစ်၍ ဆီပိဿာ ၅၉၃၀၀ အတွက် ၉၄၈၈၀၀၀၀ ကျပ်ပေးရန်တရားပြိုင်ကပျက်ကွက်သဖြင့် တရားစွဲဆိုသည့်နေ့အထိ ငွေကျပ် ၇၅၉၀၄၀၀ နစ်နာရသဖြင့် နစ်နာကြေးအပါအဝင် ငွေကျပ် ၁၀၂၄၇၀၄၀၀ ရထိုက်ခွင့်ရှိကြောင်းအဆိုပြုသည်။

တရားပြိုင်က ၎င်းနှင့်ဇနီးဖြစ်သူဒေါ်ယဉ်နွယ်ဝင်းတို့က တရားလိုနှင့်ဇနီးဖြစ်သူဒေါ်သန်းသန်းနွယ်တို့ထံမှ အတိုးဖြင့်ငွေချေးယူခဲ့သည့်အပေါ် အထောက်အထားတစ်ခုအနေဖြင့် အခွန်တော်တံဆိပ်ခေါင်းအလွတ်ပေါ်တွင် တရားပြိုင်နှင့်ဇနီးဖြစ်သူတို့က လက်မှတ်ထိုးပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ ၂-၃-၂၀၁၃ ရက်စွဲပါစာချုပ်မှာ တရားလိုက မမှန်မကန်ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် လပြည့်ကုန်စုံဆိုင်နှင့် လပြည့်မြေပဲဆီသန့်ဖြန့်ဖြူးရေးလုပ်ငန်းကိုလုပ်ကိုင်သူဖြစ်ကြောင်း၊ မြေပဲဆီသန့်ကိုနေအိမ်ဆိုင်တွင်ရောင်းချသည့်အပြင် အခြားမြို့ရွာများကိုလည်း ကားဖြင့်လှည့်လည်၍ ဝန်ထမ်းများဖြင့်ရောင်းချကြောင်း၊ ၁-၆-၂၀၁၃ ရက်နေ့မှ ၂-၆-၂၀၁၃ ရက်နေ့ထိ လပွတ္တာမြို့တွင်သွားရောက်ရောင်းချခဲ့ပြီး ၂-၆-၂၀၁၃ ရက်နေ့ ည ၉ နာရီခန့်မှ ပုသိမ်မြို့သို့ပြန်ရောက်ကြောင်း၊ တရားပြိုင်အား ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့်စွဲချက်တင်ခဲ့ပါသည်ဟူသောစကားရပ်မှအပ ကျန်စကားရပ်များကို လေးနက်စွာငြင်းဆိုပါကြောင်း၊ ၂-၆-၂၀၁၃ ရက်စွဲပါ ယုံကြည်စွာပေးဆပ်ခြင်းကတိစာချုပ်မှာ တရားလိုက မမှန်မကန်ပြုလုပ်ထားသောစာချုပ်ဖြစ်၍ ဆီကိုသော်လည်းကောင်း၊ ကာလပေါက်ဈေးကိုသော်လည်းကောင်း ပေးဆပ်ရန်တာဝန်မရှိကြောင်း၊ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်းချေပသည်။

ပုသိမ်ခရိုင်တရားရုံးက ငြင်းချက် ၃ ရပ်ထုတ်နုတ်စစ်ဆေးပြီး တရားလိုကအတိုးဖြင့်ငွေချေးငှားခြင်းအပေါ် မမှန်မကန်ပြုလုပ်ခဲ့သည့်စာချုပ်ဖြစ်သည်မှာမမှန်ကြောင်းသုံးသပ်၍ တရားပြိုင်ထံမှဆီပိဿာချိန် ၅၉၃၀၀ အတွက် တစ်ပိဿာလျှင် ကာလပေါက်ဈေး ၁၆၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၉၄၈၈၀၀၀၀ ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်ဦးရဲထွန်းအောင်သည် လပွတ္တာမြို့တည်းခိုခန်း၌ ၁-၆-၂၀၁၃ ရက်နေ့တွင် တည်းခိုခဲ့သည်ဟုကောက်ယူနိုင်သော်လည်း ၂-၆- ၂၀၁၃ ရက်နေ့က အဆိုပါတည်းခိုခန်းတွင် တည်းခိုနေထိုင်နေသည်ဟုမပေါ်ပေါက်ကြောင်း၊ လပွတ္တာမြို့နှင့် ပုသိမ်မြို့မှာ ၂ နာရီအတွင်းရောက်ရှိသောခရီးဖြစ်၍ လပွတ္တာမြို့တွင်ရှိနေသည်ဟု တစ်ထစ်ချကောက်ယူနိုင်ခြင်းမရှိသည်မှာမှားယွင်းခြင်းမရှိကြောင်း၊ ဘောက်ချာအမှတ် ၁၄၂၂၊ ဒေါ်နန်းကု၊ ရက်စွဲ ၃-၆- ၂၀၁၃၊ အမျိုးအမည်ပဲလတ်ရှယ်၊ ဈေးနှုန်းအချိန် ၁၀ ပိဿာလျှင် ၁၇၀၀၀ နှုန်းဖြင့် တစ်ပိဿာလျှင် ၁၇၀၀ ကျပ်ဖြစ်သည်မှာမှန်ကြောင်းနှင့် အမြတ်အစွန်းတင်ပြီး ပြန်ရောင်းသည့်ဈေးဖြစ်သည်မှာမှန်ကြောင်း တရားလိုကထွက်ဆိုထားသဖြင့် ပဲဆီတစ်ပိဿာလျှင် ၁၅၉၀ ကျပ်နှုန်းဖြင့်ဝယ်ယူပေးရန် သဘောတူ

စာချုပ်ချုပ်ဆိုခဲ့ခြင်းမှာ မှန်ကန်သည်ဟုမှတ်ယူရမည်ဖြစ်ကြောင်းသုံးသပ်၍ အယူခံမှုကိုပလပ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက တရားပြိုင်ဘက်မှသက်သေခံတင်သွင်းထားသည့်သက်သေခံ (ဂ) (ဇ) (ဍ) (ဎ) စာအုပ်အတွင်းရေးသားထားသောစာသားများမှာ တရားပြိုင်၏ဇနီးဖြစ်သူနှင့် တရားလို၏ဇနီးဖြစ်သူတို့ငွေချေးယူသည့်အပေါ် ငွေကြေးကိစ္စအပေးအယူလုပ်သည့်စာသားများဖြစ်ပြီး တရားလို၏ဇနီးကိုယ်တိုင်အတိုးငွေများလက်ခံသည့်အခါ ဒေါ်သန်းသန်းနွယ်ကိုယ်တိုင်လက်မှတ်ရေးထိုးရယူခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် လုပ်ငန်းအတွက်ငွေကြေးလိုအပ်သည့်အခါ တရားလိုနှင့်တရားလို၏ဇနီးထံမှ ငွေကြေးချေးငှားရခြင်းမျိုးရှိသည်ဟုပေါ်ပေါက်ကြောင်း၊ သက်သေခံစာအုပ်များအရ ငွေချေးငှားမှုအပေါ် အာမခံအဖြစ်စာချုပ်အလွတ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရခြင်းဖြစ်သည်ဟုဆုံးဖြတ်ရမည်ဖြစ်သော်လည်း အတိုးဖြင့်ငွေချေးငှားခြင်းအပေါ်မမှန်မကန်ပြုလုပ်ခဲ့သည့်စာချုပ်ဖြစ်သည်မှာမမှန်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းနေကြောင်း၊ ၂-၆-၂၀၁၃ ရက်နေ့နံနက် ၁၀ နာရီခန့်တွင် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးသည်ဟုထွက်ဆိုသော်လည်း တရားပြိုင်သည် ၂-၆-၂၀၁၃ ရက်နေ့ ညနေ ၃ နာရီကျော်မှ လပွတ္တာမြို့၊ မြနန်းသစ္စာအဆင့်မြင့်ညှိရိပ်သာမှ ပြန်လည်ထွက်ခွာလာသည်ဟု သက်သေခံ (၁၂) (၁၃) တည်းခိုခန်းရှင်းသည့်ပြေစာအရပေါ်ပေါက်ကြောင်း၊ စာချုပ်တစ်ခုကို အကျိုးသက်ရောက်စေရန်မရည်ရွယ်ဘဲ ဟန်ဆောင်စာချုပ်မျှသာဖြစ်သည်ဆိုလျှင် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းသက်သေခံတင်ပြခွင့်ကို သက်သေခံဥပဒေပုဒ်မ ၉၂ ၏ခြွင်းချက်အရခွင့်ပြုထားကြောင်း၊ **ဒေါ်သန်းတင် နှင့် ဒေါက်တာခင်မောင်ဝင်းပါ-၂**[1] အမှုတွင်လည်း ဟန်ဆောင်စာချုပ်သည် ဥပဒေအရအမည်ပြုခွင့်မရှိသဖြင့် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းနှုတ်သက်သေတင်ပြနိုင်သည်ဟု လမ်းညွှန်ထားကြောင်း၊ ၁၂-၇-၂၀၁၃ ရက်နေ့တွင် ပဲဆီတစ်ပိဿာလျှင် ၁၆၀၀ ကျပ်ပေါက်ဈေးရှိကြောင်း တရားလိုဘက်မှသက်သေထင်ရှားတင်ပြနိုင်ခြင်းမရှိဘဲ ငွေကျပ် ၉၄၈၈၀၀၀၀ ကျပ်ရထိုက်ခွင့်ရှိကြောင်း အမိန့်ချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိသဖြင့် အဆိုလွှာအားစရိတ်နှင့်တကွပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက တရားပြိုင်မှတရားလိုနှင့်ဇနီးထံမှငွေချေးယူစဉ် အပေါင်ပစ္စည်းမပေးနိုင်သဖြင့် စာချုပ်အလွတ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရသည်ဟုထွက်ဆိုသော်လည်း တရားလိုမှစွဲဆိုခဲ့သည့် ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂ တွင် သက်သေထွက်ဆိုရာ၌ တရားလိုကစာချုပ်အလွတ်ပေါ်တွင်လက်မှတ်ရေးထိုးခဲ့သည်မှာ ၂၀၀၅ ခုနှစ်ကဟုထွက်ဆိုထားပြီး ဒေါ်ယဉ်နွဲ့ဝင်းကလည်း ၂၀၀၅ ခုနှစ်ကဟုထွက်ဆိုခဲ့ကြောင်း၊ တရားပြိုင်တင်ပြသည့် သက်သေခံ (ဂ) (ဇ) (ဍ) (ဎ) စုအပ်များမှာ ၆-၉-၂၀၁၂ ရက်နေ့မှ ၂၃-၄-၂၀၁၃ ရက်နေ့အထိ ရေးသွင်းထားသည့်စာချုပ်များဖြစ်နေသဖြင့် အမျိုးမျိုးထွက်ဆိုနေခြင်းဖြစ်သည်ကိုတွေ့ရကြောင်း၊ သက်သေခံ(က)စာချုပ်တွင် တရားလိုကစာသားပေါ်တွင်လက်ဗွေခတ်နှိပ်ထားသည်ကိုတွေ့မြင်ပြီး တရားလို၏ဇနီးဒေါ်ယဉ်နွဲ့ဝင်း၏လက်ဗွေသည်လည်း မျဉ်းကြောင်းများပေါ် ခတ်နှိပ်ထားသည်ကိုတွေ့မြင်ပြီးဖြစ်ကြောင်း၊ စာချုပ်အလွတ်ပေါ်တွင်လက်မှတ်ရေးထိုးခဲ့မည်ဆိုပါက ၎င်းအနေဖြင့်အကျိုးယုတ်နိုင်သည်ကို သိသည်ဟုလည်းဖြေဆိုထားကြောင်း၊ ၂-၆-၂၀၁၃ ရက်နေ့တွင် တရားလိုသည် လပွတ္တာမြို့တွင်ရောက်ရှိတည်းခိုနေသည်ဟု သက်သေခံတင်ပြသော်လည်း လပွတ္တာမြို့နှင့် ပုသိမ်မြို့သည် အချိန် ၂ နာရီကျော်အတွင်းရောက်ရှိနိုင်ပြီး တည်းခိုခန်းပိုင်ရှင် ဒေါ်သင်းသင်းဦးကလည်း တရားလိုသည်စနေနေ့တွင်ရောက်ရှိ၍ တစ်ညအိပ်ကာ တနင်္ဂနွေနေ့တွင်ပြန်သွားသည်ဟုသာထွက်ဆိုထားကြောင်း၊ ထို့အပြင် သက်သေခံ (၁၃) (၁၄) စာရွက်များသည် တည်းခိုသည့်ဧည့်သည်များအားပေးလိုက်သည့်စာရွက်စာတမ်းမဟုတ်ဆိုလျှင်

---

[1] ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၆

မှန်သည်ဟုလည်းထွက်ဆိုထားကြောင်း၊ အမှုဖြစ်မှ ရေးသားပေးသည့်ပြေစာဖြစ်သည်ဟုလည်းတွေ့ရကြောင်း၊ သက်သေခံ(၁၄)နှင့်ပတ်သက်၍ တရားလိုမှသက်သေထင်ရှားပြသနိုင်ခြင်းမရှိကြောင်း၊ သက်သေခံ (၁၅) ပြေစာများပေါ်တွင် မအေးဝတ်ရည်လက်ရေးမပါကြောင်းထွက်ဆိုသဖြင့် မယုမီမီနိုင်နှင့် မအေးဝတ်ရည်တို့ရောင်းချသည့်ပြေစာဟုလည်းထင်ရှားခြင်းမရှိကြောင်း၊ ၂-၆-၂၀၁၃ ရက်နေ့တွင် ပဲဆီတစ်ပိဿာလျှင် ၁၅၉၀ ကျပ်ရှိကြောင်းမှာလည်း တရားပြိုင်အားပြန်လှန်စစ်မေးချက်အရပင်ပေါ်ပေါက်နေကြောင်း၊ ပြန်လည်ပေးအပ်ရန်သတ်မှတ်သည့် ၁၂-၇-၂၀၁၃ ရက်နေ့တွင် ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၆၀၀ ကျပ်ဖြစ်ကြောင်း တရားပြိုင်ပြသက်သေဦးနေဝင်းချွန်းအားပြန်လှန်စစ်မေးစဉ်၌ပင်ပေါ်ပေါက်နေသဖြင့် ပုသိမ်ခရိုင်တရားရုံးက ဆီတစ်ပိဿာလျှင် ၁၆၀၀ ကျပ်နှုန်းဖြင့်တွက်ချက်၍ စီရင်ချက်နှင့်ဒီကရီချမှတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ကယင်းစီရင်ချက်နှင့်ဒီကရီကိုအတည်ပြုခဲ့ခြင်းသည်လည်း မှားယွင်းခြင်းမရှိကြောင်း၊ သို့ဖြစ်၍ အယူခံမှုကိုစရိတ်နှင့်တကွပလပ်သင့်ကြောင်းလျှောက်လဲတင်ပြသည်။

အမှုတွင် တရားလိုနှင့်တရားပြိုင်တို့မှာ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူများဖြစ်ပြီး တရားလိုသည် အရက်ဆီဖြန့်ဖြူးသည့်လုပ်ငန်းကိုလုပ်ကိုင်ပြီး တရားလို၏သားဖြစ်သူသီဟစည်သူက "YO" ပဲဆီသန့်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း၊ တရားပြိုင်က "လပြည့်" အမည်ဖြင့် ကုန်စုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

တရားလိုက ဆီပိဿာချိန် ၅၉၃၀၀ ဝယ်ယူပေးရန်အတွက် ကျသင့်ငွေ ၉၄၂၈၇၀၀၀ ကျပ်ကို တရားပြိုင်သို့စာချုပ်ချုပ်ဆိုပေးအပ်ခဲ့ကြောင်းဖြင့် အဆိုပါစာချုပ်ကို သက်သေခံ(က) ဖြင့်တင်ပြထားသည်။ သက်သေခံ (က) စာချုပ်တွင် တရားလိုကတရားပြိုင်အား ဆီပိဿာချိန် ၅၉၃၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၉၄၂၈၇၀၀၀ ကိုပေးအပ်ခဲ့ကြောင်းရေးသားဖော်ပြထားပြီး တရားပြိုင်ကလည်း ငွေလက်ခံရရှိသူအဖြစ် လက်မှတ်ရေးထိုးထားသည်ကိုတွေ့ရသည်။ တရားပြိုင်၏ဇနီးဒေါ်ယဉ်နွယ်ဝင်းကလည်း အသိသက်သေအဖြစ်လက်မှတ်ရေးထိုးထားသည်။ အဆိုပါ လက်မှတ်နှင့်လက်ဗွေကို တရားပြိုင်က ငြင်းဆိုခြင်းမရှိဘဲ တရားလိုထံမှ ငွေကျပ်သိန်း ၅၀ ချေးယူသဖြင့် စာချုပ်အလွတ်တွင်လက်မှတ်ထိုးပေးခြင်းဖြစ်သည်ဟုသာ ချေပထားသည်။

တရားပြိုင်က စာချုပ်ချုပ်ဆို၍ ငွေကိုလက်ခံရယူသွားကြောင်း စာချုပ်ပါသက်သေဦးအောင်နိုင်ဦး(လိုပြ-၂)ကလည်းထောက်ခံထွက်ဆိုသကဲ့သို့ တရားလို၏ဇနီး၏တူတော်စပ်သူ ကိုမျိုးကို (လိုပြ-၃)ကလည်း ထောက်ခံထွက်ဆိုထားသည်ကိုတွေ့ရသည်။ ထို့အတူ ဦးစိုးတင့်(လိုပြ-၁)လည်း တရားပြိုင်နှင့် ဇနီးတို့က စာချုပ်တွင်လက်မှတ်ထိုး၍ငွေများယူသွားသည်ဟုထောက်ခံထွက်ဆိုထားသည်။

တရားပြိုင်က ငွေကျပ်သိန်း ၅၀ ချေးယူရာတွင် စာချုပ်အလွတ်တွင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်းထွက်ဆိုပြီး တရားပြိုင်၏ဇနီးဒေါ်ယဉ်နွယ်ဝင်းကထောက်ခံထွက်ဆိုသဖြင့် စာချုပ်အလွတ်တွင်လက်မှတ်ထိုးခြင်းဟုတ်မဟုတ်အဓိကစိစစ်ရန်အကြောင်းပေါ်ပေါက်သည်။

သက်သေခံ(က) စာချုပ်အားစိစစ်ကြည့်ရှုရာ ငွေပေးအပ်ခြင်းလက်ခံသူနေရာတွင်တရားပြိုင်ကလက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ထားသည်ကိုတွေ့ရပြီး အသိသက်သေအမှတ်စဉ် (၁)နေရာတွင် ဒေါ်ယဉ်နွယ်ဝင်းကလက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ထားသည်ကိုတွေ့ရသည်။ စာချုပ်ပါနေရာများတွင် နေရာတကျလက်မှတ်ရေးထိုးထားခြင်းဖြစ်သည်ဟုသာတွေ့ရပြီး စာချုပ်အလွတ်တွင်ရေးထိုးထားခြင်းဖြစ်သည်ဟုကောက်ယူနိုင်လောက်သည့် အချက်အလက်တစ်စုံတစ်ရာမတွေ့ရပေ။

ပုသိမ်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂ တွင် တရားပြိုင်က တရားခံအဖြစ်အစစ်ခံစဉ်က စာချုပ်အလွတ်တွင် လက်မှတ်ထိုးခဲ့သည်မှာ ၂၀၀၅ ခုနှစ်ဝန်းကျင်ခန့်က ဟုထွက်ဆိုသည်ကိုတွေ့ရပြီး ၎င်း၏ဇနီးဒေါ်ယဉ်နွယ်ဝင်းကလည်း ၂၀၀၅ ခုနှစ်ခန့်ကဟုပင်ထွက်ဆိုသဖြင့် ၂၀၁၃ ခုနှစ်တွင် ချုပ်ဆိုသည့်ယခုစာချုပ်နှင့်သက်ဆိုင်ခြင်းရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားပြိုင်ဘက်ကတင်ပြသည့် သက်သေခံ (၈) (၉) (၁၀) (၁၁) ဖြင့်ယူခဲ့သည့်ငွေများအပေါ် အာမခံပစ္စည်းမတင်ပြနိုင်သည့်အတွက် ယုံကြည်မှုရှိစေရန်လက်မှတ်ထိုးခဲ့ရသည်ဟုဆိုခြင်းအပေါ် ယုံကြည်ရန်အကြောင်းရှိနိုင်သော်လည်း သက်သေခံ (၈) (၉) (၁၀) (၁၁) ပါ ၆-၉-၂၀၁၂ ရက်နေ့မှ ၂၀၁၃ ခုနှစ်အထိပါ စာရင်းစာအုပ်များအရ အာမခံအဖြစ် သက်သေခံ(က)စာချုပ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရခြင်းမှာ ၂၀၀၅ ခုနှစ်ကတည်းကလက်မှတ်ရေးထိုးခြင်းမဖြစ်နိုင်သဖြင့် ကွဲလွဲမှုရှိသည်ဟုပေါ်ပေါက်သည်။

တရားပြိုင်က ၁-၆-၂၀၁၃ ရက်နေ့တွင် လပွတ္တာမြို့သို့ရောက်ရှိနေကြောင်း ၁-၆-၂၀၁၃ ရက်စွဲပါ ဧည့်စာရင်း(သက်သေခံ-၁၄) နှင့် မြန်မာ့သစ္စာတည်းခိုခန်းပိုင်ရှင်၏ထောက်ခံစာ (သက်သေခံ-၁၂)တို့ကိုတင်ပြသော်လည်း စာချုပ်ကို ၂-၆-၂၀၁၃ ရက်နေ့တွင်ချုပ်ဆိုခြင်းဖြစ်ပြီး လပွတ္တာမြို့နှင့်ပုသိမ်မြို့မှာ ကားဖြင့် ၂ နာရီကျော်ခန့်သာသွားလာနိုင်သည်ဖြစ်၍ စာချုပ်ချုပ်ဆိုခြင်းမဟုတ်ကြောင်းကောက်ယူနိုင်မည့် ခိုင်မာသည့်အချက်မဟုတ်ပေ။

တရားပြိုင်က သက်သေခံ(က)စာချုပ်တွင် လက်မှတ်ထိုး၊ လက်ဗွေနှိပ်ခဲ့ကြောင်းအငြင်းမပွားပေါ်ပေါက်သည်ဖြစ်ရာ စာချုပ်အလွတ်တွင်လက်မှတ်ထိုးခြင်းဖြစ်ကြောင်း သက်သေခံဥပဒေပုဒ်မ ၁၀၂ အရ ခိုင်လုံစွာသက်သေထင်ရှားပြသနိုင်ခြင်းမရှိသဖြင့် ၂-၆-၂၀၁၃ ရက်နေ့တွင် ဆီပိဿာချိန် ၅၉၃၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၉၄၂၈၇၀၀၀ ကို တရားလိုထံမှရယူခဲ့သည်ဟုသာပေါ်ပေါက်သည်။

သာမန်အားဖြင့် ဆီဝယ်ပေးရန်အတွက် တရားလိုက ငွေကျပ်သိန်း ၉၄၂၈၇၀၀၀ ကို ချက်ချင်းပေးရန်ဖြစ်နိုင်မည်မဟုတ်သကဲ့သို့ တရားပြိုင်က ဆီလုံးဝမပေးသေးဘဲ ငွေအပြည့်ပေးချေခြင်းမှာ ဖြစ်နိုင်ချေနည်းပါးသည်ဟုဆိုရမည်ဖြစ်သည်။ သို့ရာတွင် တရားပြိုင်က စာချုပ်အလွတ်တွင် လက်မှတ်ထိုး၊ လက်ဗွေနှိပ်ပေးခဲ့ကြောင်း ထင်ရှားအောင်သက်သေခံတင်ပြနိုင်ခြင်းမရှိသည့်အပြင် စာချုပ်ပါလက်မှတ်နှင့်လက်ဗွေမှာလည်း တရားပြိုင်၏လက်မှတ်နှင့်လက်ဗွေဖြစ်သည်ဟုသာပေါ်ပေါက်နေသဖြင့် တရားပြိုင်ကအဆိုပါငွေကိုရယူခဲ့သည်ဟုသာကောက်ယူရမည်ဖြစ်သည်။

တရားလိုက တရားပြိုင်အား ပုသိမ်မြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၅၂ ဖြင့်စွဲဆိုခဲ့ရာ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ ထောင်ဒဏ် ၃ နှစ်ကျခံခဲ့ရကြောင်းလည်း တွေ့ရသည်။ သို့ဖြစ်၍ နစ်နာကြေးငွေကိုပေးရန်မလိုကြောင်း ခရိုင်တရားရုံးက သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သက်သေခံ(က)စာချုပ်တွင် ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် တစ်ပိဿာလျှင်ကာလပေါက်ဈေးဖြင့်ပေးချေရန်ပါရှိသည်ဖြစ်၍ ကာလပေါက်ဈေးဖြစ်သည့် ပဲဆီတစ်ပိဿာ ၁၆၀၀ ကျပ်နှုန်းဖြင့်တွက်ချက်ပြီး တရားပြိုင်ကတရားလိုအား ငွေကျပ် ၉၄၈၈၀၀၀၀ ကိုပြန်လည်ပေးအပ်စေရန် ပုသိမ်ခရိုင်တရားရုံးက ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားပြိုင်က ပဲဆီပိဿာချိန် ၅၉၃၀၀ အတွက် ငွေလက်ခံရယူထားကြောင်းပေါ်ပေါက်နေသဖြင့် ပဲဆီတစ်ပိဿာလျှင်ကျသင့်သည့် ကာလပေါက်ဈေးဖြင့်တွက်ချက်၍ ကျသင့်ငွေ ၉၄၈၈၀၀၀၀ ကျပ်ကို တရားလိုကပြန်လည်ရထိုက်ကြောင်း ပုသိမ်ခရိုင်တရားရုံးကဒီကရီချမှတ်ခြင်းမှာ မှားယွင်းသည်ဟုဆိုနိုင်မည်မဟုတ်သကဲ့သို့ အဆိုပါဒီကရီကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ကလည်း အတည်ပြုခဲ့ခြင်းသည်လည်း မှားယွင်းခြင်းမရှိပေ။

ပုသိမ်ခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့် ဒီကရီသည် ဥပဒေအရမှားယွင်းသည်ဟုမဆိုနိုင်သဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(မျိုးတင့်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး